
**(၅) ဖါးဥမှုံရောဂါ (Powdery mildew)**

**ရောဂါဖြစ်စေသောသက်ရှိ - *Erysiphe graminis DC.***

**ရောဂါလက္ခဏာ**

အဖြူရောင်မှိုမျှင်အစုအဝေးများကို အရွက်နှင့် ပင်စည်ပေါ်တွင် အကွက်လိုက်တွေ့ရ သည်။ ရောဂါပြင်းထန်ပါက အနှံခိုင်များမှ အနှံစေ့များပေါ်အထိ ရောဂါကျရောက်တတ် သည်။ အဖြူရောင်မှိုအကွက်များအားလက်ဖြင့် အလွယ်တကူ ပွတ်သုတ် ဖယ်ရှားနိုင်သည်။ ရောဂါ သက်တမ်းရင့်လာပါက အဖြူရောင်မှိုမျှင်အစုအဝေးကွက်များထဲတွင် မှိုမျိုးပွားအင်္ဂါဖြစ်သော သေးငယ်သည့်အမဲရောင်အစေ့လေးများပျံ့နှံ့နေသည်ကိုတွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုရွေးချယ်စိုက်ပျိုးပါ။
- ကျန်းမာသန့်စွမ်းသောမျိုးစေ့များကိုသာစိုက်ပျိုးပါ။
- ပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက Sulfur ပါဝင်သောဆေး၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး) စသောမှို သတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်း နိုင်ပါသည်။